## ရှာဖွေတွေ့ရှိခြင်း
## လမ်းညွှန် (၂၆)
# ယနေ့ကျွန်ုပ်တို့အတွက်ဘုရားသခင်၏ အထူးသတင်းစကားများရှိပါသလား

ရာမွန်သည် ဘာရာမင်ဘာသာအသိုက်အဝန်းတွင်မွေးဖွားခဲ့သောသူဖြစ်သည်။ (သူ၏လူကြီးများတို့သည် သူအသက်ငယ်စဉ်ကပင် သူသည်ဘုရားသခင်ဖြစ်ကြောင်းပြောပြထားသည်။ ရာမွန်သည် သူ၏ဘဝကိုသိ၍ ဘုရားသခင်ဖြစ်သည့်အလျောက် ယောဂီတရားနှင့်ဆုတောင်းခြင်းများကိုစောင့်ရှောက်ခိုင်းသည်။ သို့ရာတွင် လူပျိုဘဝ၌ ဘုရားသခင်ကိုရှာရန် ဟိန္ဒူဘုရားကျောင်းတွင်သွားရောက်ကာ လေ့လာစူးစမ်းပါသည်)။ ရာမွန်သည် ခရစ်ယာန်ကျမ်းစာကိုလေ့လာ၍ ခရစ်တော်အကြောင်း ကိုလည်းလေ့လာသည်။ သူသည် ခရစ်တော်အကြောင်းနှင့်ပတ်သက်၍ စိတ်နှိမ့်ချခြင်းနှင့် နူးညံ့သိမ်မွေ့ခြင်းတရားရှိကြောင်းကိုအထူးလေးစားခဲ့သည်။ သို့ရာတွင် ရာမွန်သိလာရသည်မှာ ခရစ်တော်သည် ထူးခြားသောဘုရားသခင်၏သားတစ်ပါးဖြစ်ကြောင်းသိလာရသည်။ ခရစ်ယာန်များသည် ငြိမ်သက်ခြင်းရှိကြောင်း၊ သူသည်သူ၏ဘုရားသခင်ကိုကိုးကွယ်သော်လည်း ငြိမ်သက်ခြင်းမရှိခဲ့ကြောင်း၊ ထို့ကြောင့် ရာမွန်သည် သူ၏ဟိန္ဒူဘာသာတရားအတွင်း အမှန်တရားကိုရှာရန်စိတ်ဆုံးဖြတ်ခဲ့ပါသည်။ တစ်နေ့သူသည် ခရစ်တော်အသက်တာအကြောင်းနှင့်ပတ်သက်၍ ရုပ်ရှင်ကားတစ်ကားတွင်မြင်ခဲ့ရပါသည်။ ထိုကားတွင် ခရစ်တော်သည် လူကဲ့သို့ကြောက်ရွံ့ခြင်း၊ နာကျင်ခြင်းကိုခံစားရကြောင်းတွေ့ခဲ့ပါသည်။ ဤကားကိုမကြည့်မီမှာ ခရစ်တော်သည် သူ၏ဘုရားသခင်တန်ခိုးကိုအသုံးပြု၍ ကပ်တိုင်ပေါ်မှာခံစားရမည်ဖြစ်သော နာကျင်ခြင်းများကိုရှောင်ကြဉ်နိုင်မည်ဟုယုံကြည်ပါသည်။ ယခုသူသည် လက်ဝါးကပ်တိုင်အကြောင်းနှင့်ပတ်သက်၍ သဘောမပေါက်ခဲ့ပါ။ သူစဉ်းစားမိသည်မှာ ခရစ်တော်သည် မည်ကဲ့သို့အပြစ်သားများအတွက်နာကျင်ခြင်းဒဏ်ခံလျက် ကယ်တင်ခြင်းပေးခဲ့ကြောင်းဖြစ်သည်။

ရာမွန်သည် ခရစ်တော်၏သေခြင်းအကြောင်းနှင့်ပတ်သက်၍ ဆက်လက်စဉ်းစားသောအခါ ဤမျှလောက်ကြီးသော လက်တွေ့မေတ္တာကိုစဉ်းစားရခက်နေပါသည်။ သူသည် ဘာရာမင်ဘဝမှ သူ၏အသက်တာကိုပြောင်းလဲလာမည်ဟူသော စိတ်ဆုံးဖြတ်ချက်ချခဲ့ပါသည်။ ခရစ်တော်၏ကယ်တင်ခြင်းမေတ္တာကို အခြားအခြားသောဘာသာများနှင့်နှိုင်းယှဉ်ပါက နှိုင်းယှဉ်၍မရသလောက်အောင်ဖြစ်ခဲ့ပါသည်။ ဤဘာရာမင်လူငယ်သည် ခရစ်ယာန်တို့၏အဓိကယုံကြည်ခြင်းကိုရှာဖွေတွေ့ရှိခဲ့ပါသည်။ ခရစ်တော်သည် ကမ္ဘာကြီး၏ကယ်တင်ရှင်ဖြစ်ကြောင်းကိုလည်း သိခဲ့ပါသည်။

## ၁။ မည်သည့်ဘာသာသည်ကယ်တင်ခြင်းပေးနိုင်သနည်း

ခရစ်တော်သည် တရားလမ်းဖြစ်သည်။ လမ်းတစ်သွယ်တည်းသာဖြစ်သည်။ ကယ်တင်ခြင်းလမ်းဖြစ်သည်။ “ထိုသခင်၏နာမတော်မှတစ်ပါး ငါတို့ကိုကယ်တင်နိုင်သောနာမတစ်စုံတစ်ခုမျှကောင်းကင်အောက်လူတို့တွင်မပေါ်မရှိဟု ပေတရုသည် ထိုသူတို့အားမြွက်ဆို၏” (တမန်တော် ၄း၁၂)။ ခရစ်ယာန်ကျမ်းစကားအရ၊ လူသားတို့သည် အပြစ်ကြောင့်ပျောက်ဆုံးနေသည်။ ထို့ကြောင့် အပြစ်၏အခသည် သေခြင်းဖြစ်သည်။ (ရောမ ၆း၂၃)။ လူတိုင်းအပြစ်ရှိသည် (ရောမ ၃း၂၃)။ ထို့ကြောင့်

သေခြင်းနှင့်ရင်ဆိုင်ရမည်။ ထို့ကြောင့် ခရစ်တော်သည် တစ်ပါးတည်းသောကယ်တင်ရှင်၊ ခရစ်တော်တစ်ပါးတည်းသာလျှင် အပြစ်၏စီရင်ခြင်းမှကယ်တင်ခြင်းပေးနိုင်သည်။ သားတော်ကိုကြည့်မြင်၍ ယုံကြည်သောသူရှိသမျှတို့သည် ထာဝရအသက်ကိုရစေခြင်းငှါလည်းကောင်း အလိုတော်ရှိ၏။ ငါသည်လည်း နောက်ဆုံးသောနေ့၌ ထိုသူတို့ကိုထမြောက်စေမည်ဟုမိန့်တော်မူ၏ (ယောဟန် ၆း၄၀)။ မှန်ကန်သောဘာသာတစ်ပါးတည်းသာရှိသည်။ ခရစ်တော်တစ်ပါး၊ ယုံကြည်ခြင်းတစ်ပါး၊ နှစ်ခြင်းတစ်ပါး (ဧဖက် ၄း၅)။

## ၂။ ခေတ်နောက်ဆုံးရှိခရစ်ယာန်တို့အတွက် ဘုရားသခင်၏ထူးခြားသောသတင်းစကားရှိပါသလား

မှန်ပါသည်။ ဤကောင်းကင်တမန်သုံးပါးသတင်းသည် ဗျာ၊ ၁၄း၆–၁၆ အထိဖတ်ရှုလေ့လာပါလျှင် ဤသတင်းစကားများတို့ကို ကောင်းကင်တမန် (၃) ပါးကပေးခဲ့၍ နောက်ဆုံးသတင်းစကားမှာ ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းနှင့် နိဂုံးချုပ်ခဲ့သည်။ (ဗျာ၊ ၁၄း၁–၁၆)။

### (၁) ပထမကောင်းကင်တမန်၏သတင်းစကား

မြေကြီးပေါ်မှာနေသောသူတည်းဟူသော အသီးအသီးဘာသာစကားကိုပြောသောလူအမျိုးအနွယ်ခပ်သိမ်းတို့အား ထာဝရဧဝံဂေလိတရားကိုဟောရသောကောင်းကင်တမန်တစ်ပါးက ဘုရားသခင်ကိုကြောက်ရွံ့၍ချီးမွမ်းကြလော့။ တရားစီရင်တော်မူသောအချိန်ရောက်လာပြီ။ ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာနှင့်စမ်းရေတွင်းတို့ကိုဖန်ဆင်းတော်မူသောအရှင်ကိုကိုးကွယ်ကြလော့ဟု ကြီးသောအသံနှင့်ပြောဆို၍ ကောင်းကင်အလယ်၌ပျံဝဲလျက်ရှိသည်ကိုငါမြင်၏ (ဗျာ၊ ၁၄း၆၊ ၇)။ ခရစ်ယာန်ကျမ်းစာအားဖြင့်လုံးစေ့ပတ်စေ့ဖော်ပြထားသောအမှန်တရားစကား (၃) ခုမှာ ကောင်းကင်တမန် (၃) ပါးအားဖြင့်ဖော်ပြကြေညာထားသော်လည်း ဘုရားသခင်၏လူများတို့သည် ကမ္ဘာကြီးအနှံ့သို့ ဤသတင်း (၃) ပါးစကားကိုဖြန့်ခဲ့ပါသည်။ ထိုအမှန်တရားစကားများတို့သည် ကမ္ဘာတစ်ခုလုံးအတွက်၊ တိုင်းနိုင်ငံတိုင်းအတွက်၊ လူမျိုးတိုင်းအတွက်၊ ဘာသာစကားတိုင်းအတွက်နှင့် လူတိုင်းအတွက်ဖြစ်သည်။ ခရစ်တော်၏ထာဝရဧဝံဂေလိတရားသည် ကယ်တင်ခြင်းတရားဖြစ်သည်။ ခရစ်ယာန်ကျမ်းသစ်အချိန်၌ ယုံကြည်ခြင်းအားဖြင့်လက်ခံသူများအတွက်ဖြစ်သည် (ဟေဗြဲ ၃း၁၆–၁၉။ ၄း၂။ ၁၁း၁–၄၀)။ ထိုအမှန်တရားအတိုင်း ခရစ်တော်ကိုယ်တိုင်ဟောပြောကြေညာခဲ့သည်။ ထိုအမှန်တရားအတိုင်းတမန်တော်တို့သည်ဟောကြားသွန်သင်ခဲ့သည်။ ထိုတရားအားဖြင့် ခရစ်တော်အဖို့ကမ္ဘာကြီးကိုအောင်နိုင်ရန် ဟောကြားခဲ့သည်။ ထိုဧဝံဂေလိတရားကိုပင် ခရစ်ယာန်အဆက်ဆက်နှစ်ရာစုပေါင်းများစွာသက်သေခံခဲ့ပါသည်။ ရှင်းလင်းပြတ်သားသောကယ်တင်ခြင်းဧဝံဂေလိတရားကို ခရစ်တော်ကိုယ်တိုင်ဟောကြားခဲ့သော်လည်း ညှဥ်းဆဲနှိပ်စက်ခြင်းကာလနှစ်ပေါင်းတစ်ထောင်ကျော်အချိန်တွင် ဤကယ်တင်ခြင်းဧဝံဂေလိတရားသည် ပျောက်လုနီးဆဲဖြစ်ခဲ့ပါသည်။ သို့ရာတွင် ညှဥ်းဆဲနှိပ်စက်ခြင်းခေတ်နှောင်းပိုင်းတွင် ခရစ်ယာန်ဘာသာပြုပြင်ပြောင်းလဲခြင်းပြုလုပ်သော ဆရာကြီးများတို့သည် ဤသတင်းစကားကိုပေးခဲ့သောအခါ နည်းသစ်များဖြင့်ကမ္ဘာအနှံ့သို့ကြေညာဖြန့်ဝေခဲ့ပါသည်။ ထိုတရားစကားကိုယုံကြည်လက်ခံသူတို့အတွက် “ဘုရားသခင်ကိုကြောက်ရွံ့၍ချီးမွမ်းကြလော့။ တရားစီရင်တော်မူသောအချိန်ရောက်လာပြီ။” သူတို့သည် ကမ္ဘာကြီးရှိလူသားတို့အား မေတ္တာဖြစ်သောအကျင့်တရားအကြောင်းကိုဟောကြားခဲ့ပါသည်။ သူတို့စကားအားဖြင့်လည်းကောင်း၊ အသက်တာအားဖြင့်လည်းကောင်း၊ သက်သေခံခြင်းအားဖြင့်လည်းကောင်း ကြေညာဟောကြားခဲ့ပါသည်။ ခရစ်တော်၏ဝိညာဉ်တော်နှင့်ပြည့်ဝသောသူတို့အတွက် ဘုရားသခင်၏လုပ်ငန်းကိုဆောင်ရွက်ရန် ဘုရားသခင်သည်စွမ်းအင်သတ္တိ၊ ခွန်အားတန်ခိုးကိုပေးတော်မူသည်။ ဤကောင်းကင်တမန် (၃) ပါးတို့၏သတင်းစကားကို မည်သည့်နေရာများတွင်ဟောကြားကြေညာရမည်နည်း။ ဘုရားသခင်၏တရားစီရင်ရာနေ့ရက်ရောက်လာပြီ။ လမ်းညွှန် (၁၃) တွင် ခရစ်တော်သည် ကောင်းကင်ရှိဗိမာန်တော်ကြီးထဲ၌ ၁၈၄၄ ခုနှစ်တွင် အပြစ်သားများတို့ကိုစီရင်ရန်ပြင်ဆင်ထားပါသည်။ ထိုအချိန်၌ပင် ခရစ်တော်ကိုယ်တိုင်ခရစ်ယာန်သာသနာအနှံ့ကမ္ဘာပြန့်ရန် အစီအစဉ် များကိုဖြစ်ပေါ်စေခဲ့ကြောင်းသိရသည်။ သတင်းစကားသည်ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ရန်ဖိတ်ခေါ်ရုံမျှမကဘဲ ကောင်းကင်ရှိပုဂ္ဂိုလ်များ၊ မြေကြီးပေါ်ရှိလူများ (ဗျာ၊ ၁၄း၇)၊ ဘုရားသခင်သည် ဥပုသ်နေ့၌ဘုရားသခင်ကိုဝတ်ပြုရန်

ကျွန်ုပ်တို့ကိုအသိတရားနှင့်သတိတရားပေးထားပါသည်။ ဘုရားသခင်သည် ဥပုသ်နေ့စောင့်ရန်မှာကြားခဲ့ပါသည်။ (ထွက် ၂၀း၈–၁၁)။ အကြောင်းမူကား ဘုရားသခင်သည် ခြောက်ရက်တွင် မိုးကောင်းကင်မြေကြီးအားလုံးတို့ကိုဖန်ဆင်းတော်မူခဲ့သည်။ ဘုရားသခင်သည် လူတို့အား ဥပုသ်နေ့၌ဝတ်ပြုကိုးကွယ်ခြင်းဖြင့် ဖန်ဆင်းရှင်ကိုသိရန်လိုလားသည်။ ထို့ကြောင့် ကောင်းကင်တမန် (၃) ပါးသတင်းကိုဟောကြားသောအချိန်မှစ၍ ဥပုသ်နေ့သည်ကွင်းကွင်းကွက်ကွက်ကြီးပေါ်လာ၍ သန့်ရှင်းသောနေ့အဖြစ် စောင့်ရှောက်ရန်ပေးသောသတင်းစကားဖြစ်သည်။

## (၂) ဒုတိယကောင်းကင်တမန်၏သတင်းစကား

"ကောင်းကင်တမန်တစ်ပါးကလည်း ဗာဗုလုန်မြို့ကြီးပြိုလဲပြီ။ မိမိမတရားသောမေထုန်၏အဆိပ်အတောက်တည်းဟူသောစပျစ်ရည်ကို လူမျိုးအပေါင်းတို့အားတိုက်လေပြီးသော ဗာဗုလုန်မြို့ကြီးပြိုလဲပြီဟုလိုက်၍ပြောဆို၏" (ဗျာ၊ ၁၄း၈)။

ဒုတိယကောင်းကင်တမန်၏သတိပေးနှိုးဆော်ချက်မှာ ကြီးသောဗာဗုလုန်သည်ပြိုလဲပြီ။ ဗျာ၊ ၁၇ တွင် ဗာဗုလုန်ဟုဆိုရာ၌ ဝိညာဉ်ရေးဗာဗုလုန်ရုပ်ထွေးခြင်း၊ ဖေါက်ပြန်သောခရစ်ယာန်အသင်းတော်၊ အကျင့်ပျက်သောမိန်းမဟုနှိုင်းထားသည် (ဗျာ၊ ၁၇း၅)။ ဤမိန်းမသည် ကွဲပြားခြားနားစွာသန့်ရှင်းသောမိန်းမ (ဖြောင့်မတ်သောအသင်းတော်) ဗျာ၊ ၁၂ တွင် သန့်ရှင်းဖြူစင်ဖြောင့်မတ်သောအသင်းတော်ကိုပုံဆောင်သည်။ ဗာဗုလုန်ကိုပုံဆောင်သောမိန်းမမှာ အကျင့် ပျက်ပြိုကျသောမိန်းမ (ဖေါက်ပြန်သောအသင်းတော်) ၎င်းမိန်းမသည် တိုင်းနိုင်ငံတကာကို မကောင်းသောအယူဝါဒလေ့ထုံးစံကို မှန်သောတရားဖြင့်ရောစပ်ထားခြင်းကို ခရစ်ယာန်ကျမ်းစာ၌မတရားသောမေထုန်ဟုဖေါ်ပြထားသည်။ ဒုတိယကောင်းကင်တမန်၏သတင်းစကားမှာ ဤမမှန်သောရောစပ်ထားသည့် ဖေါက်ပြန်သောခရစ်ယာန်တို့၏သွန်သင်ချက်ကို ဆီးတားဆန့်ကျင်ရန်ဖြစ်သည်။

ဗာဗုလုန်ဆိုရာ၌ ဖေါက်ပြန်သောခရစ်ယာန်၏မှားယွင်းယူဆချက်ထုံးတမ်းစဉ်လာများကို အမှန်တရားဟုယုံကြည်လက်ခံကျင့်သုံးခြင်းဖြစ်သည်။ ဗာဗုလုန်ဟုဆိုသောရှုပ်ထွေးပွေလီမှားယွင်းသောဩဝါဒများသည် ဘုရားသခင်၏ရုပ်နာမ်သဏ္ဌာန်နှင့်မှန်သောတရားများကိုရုပ်ပျက်ဆင်းပျက်ဖြစ်စေပါသည်။ ဥပမာမှာ– ဘုရားသခင်သည် ကလဲ့စားချေတတ်ခြင်း၊ မတော်မတရားတောင်းဆိုခြင်း၊ စိတ်နုသောသက်ကြီးရွယ်အိုပမာ အပြစ်ကိုဂရုမစိုက်ခွင့်လွှတ်သည်းခံတတ်သောသဘောများဖြစ်သည်။ ကျန်းမာသန်စွမ်းသောအသင်းတော်သည် ဘုရားသခင်၏တရားနှင့်ကျင့်ဝတ်တရားများကို မှန်ကန်ဖြောင့်မတ်စွာဖြင့်လည်းကောင်း၊ တိကျသေချာစွာဖြင့်လည်းကောင်း ကျင့်သုံးလိုက်လျှောက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် ဗာဗုလုန်မှထွက်ရန်ဖိတ်ခေါ်လျက်ရှိသည် (ဗျာ၊ ၁၈း၄)။ ခရစ်ယာန်ကျမ်းမဟုတ်သောတရားနှင့်သွန်သင်ချက်များကိုငြင်းပယ်စွန့်လွှတ်၍ ခရစ်တော်၏တရားမှန်ကိုလိုက်လျှောက်ကျင့်သုံးရမည်။

## (၃) တတိယကောင်းကင်တမန်၏သတင်းစကား

တတိယကောင်းကင်တမန်က၊ အကြင်သူသည် သားရဲနှင့်သူ၏ရုပ်တုကိုကိုးကွယ်၍ သူ၏တံဆိပ်လက်မှတ်ကို နဖူး၌ခံသည်ဖြစ်စေ၊ လက်၌ခံသည်ဖြစ်စေ ထိုသူသည် ဘုရားသခင်၏ဒေါသဖလား၌လောင်းသောအမျက်တော်စပျစ်ရည်စစ်ကိုသောက်ရလိမ့်မည်။ သန့်ရှင်းသောကောင်းကင်တမန်တို့ရှေ့၊ သိုးသငယ်ရှေ့တွင်၊ ကန့်နှင့်ရောသောမီးထဲမှာပြင်းစွာသော ညှဉ်းဆဲခြင်းကိုခံရလိမ့်မည်။ ထိုညှဉ်းဆဲခြင်း၏မီးခိုးသည် ကမ္ဘာဆက်ဆက်တည်လျက်ရှိ၏။ သားရဲနှင့်သူ၏ရုပ်တုကိုကိုးကွယ်၍ သူ၏နာမတံဆိပ်လက်မှတ်ကိုခံသောသူတို့သည် နေ့ညမပြတ်သက်သာမရကြဟု လိုက်၍ကြီးသောအသံနှင့်ပြောဆို၏။ ဘုရားသခင်၏ပညတ်တို့ကိုလည်းကောင်း၊ ယေရှု၏ယုံကြည်ခြင်းကိုလည်းကောင်း စောင့်ရှောက်သောသန့်ရှင်းသူတို့သည် ဤအရာ၌သည်းခံစရာအကြောင်းရှိ၏ (ဗျာ၊ ၁၄း၉–၁၂)။

တတိယကောင်းကင်တမန်၏သတင်းစကားသည် ကမ္ဘာကြီးတစ်ခုလုံးကိုနှစ်ပိုင်းခွဲထားသည်။ တစ်ပိုင်းမှာ ဖေါက်ပြန်သောခရစ်ယာန်သားရဲနှင့် သူ၏ရုပ်တုကိုနဖူး၌လည်းကောင်း၊ လက်၌လည်းကောင်း ခံယူသောသူတစ်စုဖြစ်သည်။ နောက်တစ်ခုမှာ သားရဲ၏အာဏာကိုငြင်းဆန်တွန်းလှန်သောသူတော်စင်သန့်ရှင်းသူများ၊ ဘုရားသခင်၏ပညတ်တော်နှင့် ခရစ်တော်၏ယုံကြည်ချက်၌သစ္စာရှိသောသူများဖြစ်သည်။ ဤလူနှစ်စု၏ခြားနားမှုကိုသတိပြုပါ။ တစ်စုသည် သားရဲ၏ အမှတ်အသားတည်းဟူသောဝတ်ပြုခြင်းကို ပေါ့ပေါ့တန်တန်ထားကာ လူလုပ်သောတရားနှင့်ပညတ်များကိုအဆင်ပြေလျှင်

ပြေသလို၊ သင့်လျော်လျှင်သင့်လျော်သလိုလိုက်လျှောက်ခြင်းဖြစ်သည်။ သူတော်စင်များ၏ထူးခြားသောအမှတ်အသားမှာ သည်းခံ၍အနွံအနာဖြင့် ဘုရားသခင်၏ပညတ်တော်တို့ကိုလည်းကောင်း၊ ခရစ်တော်အပေါ်သစ္စာဖြင့်လိုက်လျှောက်ခြင်း သော်လည်းကောင်း ဖြစ်သည်။ ဤကောင်းကင်တမန် (၃) ပါးသတင်းစကားကို ကမ္ဘာအနှံ့ဖြန့်ချိဟောကြားပြီးနောက် ပိုင်းတွင် ခရစ်တော်သည်ကြွလာ၍ ကယ်တင်ခြင်းခံရမည့်သူများကိုခေါ်ဆောင်သိမ်းသွင်းမည်။ "တစ်ဖန်ငါကြည့်လျှင်၊ ဖြူသောမိုးတိမ်ရှိ၏။ လူ့သားတော်နှင့်တူသောသူသည် ခေါင်းတော်ပေါ်၌ ရွှေသရဖူကိုဆောင်းလျက် ထက်သောတံစဉ်ကို ကိုင်လျက်၊ မိုးတိမ်ပေါ်မှာထိုင်တော်မူ၏။ ကောင်းကင်တမန်တစ်ပါးသည် ဗိမာန်တော်ထဲကထွက်၍ ကိုယ်တော်၏ တံစဉ်ကိုလွှတ်၍ စပါးကိုရိတ်တော်မူပါ။ ရိတ်ရသောအချိန်ရောက်ပါပြီ။ မြေကြီး၌ရိတ်စရာစပါးမှည့်ပါပြီဟု မိုးတိမ် ပေါ်မှာထိုင်သောသူကို ကြီးသောအသံနှင့်ဟစ်လေ၏။ မိုးတိမ်ပေါ်မှာထိုင်သောသူသည် မိမိတံစဉ်ကိုမြေကြီး၌သွင်း၍ မြေကြီး၏စပါးကိုရိတ်တော်မူ၏" (ဗျာ၊ ၁၄း၁၄–၁၆)။

## ၃။ ခရစ်တော်၏နောက်ဆုံးတည်ရှိခဲ့သောအသင်းတော်

သင်သည်တည်ကြည်၍ သစ္စာရှိသောခရစ်ယာန်တစ်ဦးကိုချီးကျူးမိပါသလား။ သူ၏အပ်နှံခြင်း၊ သည်းခံခြင်း၊ ယုံကြည်ခြင်းများတို့ကို သင်လိုလားပါသလား။ ဘုရားသခင်သည် သူ၏အထူးသောတရားစကားကို ကျွန်ုပ်တို့၏ ခေတ်အချိန်တွက် ဗျာ၊ ၁၄ တွင်ပေးထားပါသည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် ဤကဲ့သို့သောအတွေ့အကြုံများနှင့်ရင်ဆိုင်ရမည်ဖြစ်သည်။ လမ်းညွှန် (၂၅) တွင်လေ့လာသုံးသပ်ထားသည့်အတိုင်း ဗျာ၊ ၁၂း၁၇ သည်နောက်ဆုံးခေတ်ခရစ်ယာန်များတို့၏ ထူးခြားမှတ်သားချက်များကိုဖော်ပြထားပါသည်။ ထိုသူတို့သည် ဘုရားသခင်၏ပညတ်တော်ကိုစောင့်၍ ယေရှု၏သက်သေခံချက် တွင်ယုံကြည်လက်ခံကျင့်စောင့်သောသူများဖြစ်သည်။ (ဗျာ၊ ၁၄း၁၂) တွင်အလားတူသူတော်စင်များတို့သည် ဘုရားသခင်၏ ပညတ်တော်ကိုစောင့်ကြောင်းနှင့် ခရစ်တော်၏အပေါ်သစ္စာရှိကြောင်းဖော်ပြထားသည်။ နောက်ဆုံးခေတ်ခရစ်ယာန်များတို့၏ အကျင့်တရားများကိုအကျဉ်းမျှဖော်ပြရလျှင်–

(၁) သူတို့သည် ခရစ်တော်၏သက်သေခံချက်ရှိသည်။ စာတန်နတ်ဆိုးသည် သူတို့အပေါ်ဒေါသကြီးစွာဖြင့်ရန်မူ သော်လည်း သူတို့သည် ခရစ်တော်အပေါ်သစ္စာကြီးစွာဖြင့်တည်ကြည်သူများဖြစ်သည်။ သူတို့၏သစ္စာတရားများ သည်ဘုရားသခင်ပေးသောဆုကျေးဇူးများဖြစ်သည်။ (ဧဖက် ၂း၈)။ ဘုရားသခင်၏နောက်ဆုံးနေ့ရက်၌ရှိသော အသင်းတော်သည် ခရစ်တော်၏အကျင့်တရားများကို သူတို့၏အပြုအမူအကျင့်အကြံများတို့၌ပေါ်ထွက်နေသည်။ ခရစ်တော်၏ကောင်းမြတ်သောအကျင့်တရားနှင့် ကျေးဇူးတရားတို့သည် ယုံကြည်ခြင်းအားဖြင့်လည်းကောင်း၊ ခရစ်တော်သည်သူတို့၏အထဲ၌တည်ရှိခြင်းအားဖြင့်လည်းကောင်း အသက်ဝင်သောကိုယ်ကျင့်တရားများကိုတွေ့မြင် ခံစားနိုင်သည်။

(၂) သူတို့သည် ခရစ်တော်၏ယုံကြည်ခြင်းကိုစောင့်ရှောက်သောသူများဖြစ်သည် (ဗျာ၊ ၁၄း၁၂)။ ထိုယုံကြည် ခြင်းသည် ခရစ်တော်ကိုယ်တိုင်ကျင့်စောင့်ခဲ့သည်။ ထိုယုံကြည်ခြင်းကိုပင် ခရစ်တော်သွန်သင်ခဲ့သည်။ ထိုယုံကြည် ခြင်းအတိုင်းကျင့်စောင့်နေထိုင်ခဲ့သည်။ ထိုယုံကြည်ခြင်းများသည် နောက်ဆုံးခေတ်အသင်းတော်ရှိအသင်းသူအသင်းသား များ၏စိတ်တွင်ပြည့်ဝလျက်ရှိသည်။ သူတို့သည်အမှန်တရားရှိရုံသာမကဘဲ အမှန်တရားကိုစောင့်သူဖြစ်သည်။ ထိုတရားအတိုင်းလိုက်လျှောက်သည်။ ခရစ်ယာန်ဘာသာရေးသည် သူတို့အတွက်အသက်ပမာဖြစ်သည်။ သူတို့၏ ယုံကြည်ခြင်းသည်လည်း လက်တွေ့ကျင့်သုံးခြင်းဖြစ်သည်။ သူတို့၏ယုံကြည်ခြင်းသည်လည်း နားထောင်ခြင်း အပြည့်အဝရှိသည်။ သူတို့၏အသက်တာသည်လည်း ခရစ်တော်၏ယုံကြည်ခြင်းအတိုင်းကျင့်စောင့်သူများဖြစ်သည်။ ခရစ်ယာန်ကျမ်းစာတွင်ဖော်ပြထားသည့်အကျင့်တရားများတို့ကိုတွေ့ရှိရုံမျှမကဘဲ နေ့စဉ်နှင့်အမျှကျင့်သုံးလိုက်လျှောက် သောသူများဖြစ်သည်။ ထိုကဲ့သို့ကျင့်သုံးခြင်းကြောင့် တန်ခိုးခွန်အားနှင့်ပြည့်စုံသောခရစ်ယာန်အသက်တာကိုရရှိသည်။ ခရစ်ယာန်ကျမ်းစာတွင် မွန်မြတ်သောအမှန်တရားများကိုကြည့်၍ ခရစ်တော်၏မေတ္တာနှင့်တရားများတို့သည် သူတို့၏လိုအင်ဆန္ဒများနှင့် နှစ်သိမ့်မှုများအားလုံးရရှိသည်။

(၃) သူတို့သည် ဘုရားသခင်၏ပညတ်တော်များကိုစောင့်သောသူများဖြစ်သည်။ ဘုရားသခင်၏ပညတ်တော် (၁၀) ပါးသည် မွန်မြတ်သောတရားတော်ဖြစ်သည်။ ထိုတရားအတိုင်းကျင့်စောင့်လိုသောဆန္ဒအပြည့်အဝရှိသည်။ သူတို့သည် ဘုရားသခင်ကိုချစ်ခြင်းနှင့်ကိုယ်နှင့်ဆိုင်သောသူကိုချစ်ခြင်းများပြသခြင်းဖြင့် ဘုရားသခင်၏ပညတ် တော်ကိုနားထောင်သည်။ ထိုတရားထဲတွင် ဘုရားသခင်၏ပညတ်တော် (၄) ပါးတစ်ပါးတည်းဟူသောငြိမ်သက်နားနေခြင်းအတွက် စနေနေ့ (သို့မဟုတ်) ခုနစ်ရက်တွင်သတ္တမနေ့ကိုဥပုသ်နေ့အဖြစ်စောင့်ရှောက်ခြင်းဖြစ်သည်။

(၄) သူတို့သည် ခရစ်တော်၏သတင်းစကားတည်းဟူသော ထာဝရဧဝံဂေလိတရားကို ကမ္ဘာအနှံ့ဖြန့်ချိသူများဖြစ်သည် (ဗျာ၊ ၁၄း၆)။ ဧဝံဂေလိတရား၏ကြေညာချက်အရ၊ ခရစ်တော်သည် အပြစ်သားများအတွက် အသက်တော်ကိုစွန့်သည်။ ခရစ်တော်သည်ထမြောက်ရှင်ပြန်သည်။ ထိုအခြင်းအရာနှင့်အတွေ့အကြုံသည် ကျွန်ုပ်တို့အား တရားလမ်းနှင့်ကယ်တင်ခြင်းကိုပြသည်။ (နောက်ဆုံးသောခေတ်၌နေထိုင်သောအသင်းသားများတို့အား ရှုပ်ထွေးသော အယူဝါဒနှင့်ခရစ်ယာန်ဘာသာရေးခံယူချက်များမှထွက်လာရန်ဖိတ်ခေါ်လျက်ရှိသည်။ ခရစ်တော်သည် ခရစ်ယာန်ကျမ်း၏ အမှန်တရားကိုသာကျင့်စောင့်လိုက်လျှောက်သည်။)

(၅) နောက်ဆုံးသောခေတ်၌ရှိသောအသင်းတော်သည် အရေးကြီးကြောင်းကိုသိ၍ ခရစ်တော်ကြွလာခြင်းနီးကြောင်းကို သွန်သင်ပြောပြရန်လုပ်ဆောင်သောသူများဖြစ်သည်။

(၆) နောက်ဆုံးသောခေတ်၌ရှိသောအသင်းတော်သည် ဘုရားသခင်ပေးတာဝန်ကိုသိလျက် ဧဝံဂေလိလုပ်ငန်းများကိုတစ်တပ်တစ်အားလုပ်ဆောင်သောသူများဖြစ်သည်။ အကြောင်းမှာ ဗာဗုလုန်ကြီးသည်ပြိုလဲသောကြောင့်ဖြစ်သည်။ နောက်ဆုံးခေတ်ရှိအသင်းတော်များမှာ ခရစ်ယာန်ဘာသာရေးရှုပ်ထွေးမှု၊ ဘုရားသခင်၌ရှုပ်ထွေးမှု၊ အယူဝါဒအတွေးအခေါ်ရှုပ်ထွေးမှု၊ အကျင့်တရားနှင့်ထုံးတမ်းစဉ်လာတို့၏ရှုပ်ထွေးမှုကြောင့် ဗျာ၊ ၁၈း၄ ၏ဖိတ်ခေါ်သံကိုနားထောင်၍ ထိုရှုပ်ထွေးသောခရစ်ယာန်ဘာသာရေးဂိုဏ်းများမှထွက်လာပြီး ဘုရားသခင်၏လူများနှင့်ပူးတွဲ၍ ဧဝံဂေလိတရားများကို လုပ်ဆောင်ရမည်။ ကောင်းကင်တမန်သုံးပါး၏သတင်းစကားအရ၊ နောက်ဆုံးခေတ်ရှိအသင်းသားအသင်းသူတို့သည် ယောဟန်နှင့်လက်တွဲ၍ သူ၏အားပေးချက်စကားကိုလက်ခံဝေငှရန်ဖြစ်သည်။ "ငါတို့သည် အဖဘုရားသခင်နှင့်လည်းကောင်း၊ သားတော်ယေရှုခရစ်နှင့်လည်းကောင်း မိတ်သဟာယဖွဲ့ရသည်ဖြစ်၍ သင်တို့သည် ငါတို့နှင့်မိတ်သဟာယဖွဲ့စေခြင်းငှါ ငါတို့ကြားမြင်ရသောအရာကို သင်တို့အားပြသကြ၏။ သင်တို့၏ဝမ်းမြောက်စရာအကြောင်းစုံလင်ခြင်းငှါလည်း ဤအရာများကိုငါတို့သည်ရေးလိုက်ကြ၏" (၁ယော ၁း၃၊ ၄)။ ခရစ်တော်၏ဝိညာဉ်တော်ဖြင့်လည်းကောင်း၊ သူ၏အလင်းတော်ဖြင့်လည်းကောင်း သင့်အားယနေ့သူ၏တရားလုပ်ငန်းတွင်လုပ်ဆောင်ရန် ဖိတ်ခေါ်ပါသည်။ "ဝိညာဉ်တော်နှင့်မင်္ဂလာဆောင်သတို့သမီးကလာခဲ့ပါဟုဆိုကြ၏။ ကြားသောသူကလည်း လာခဲ့ပါဟုဆိုပါစေ။ ရေငတ်သောသူသည်လာပါစေ၊ အလိုရှိသောသူသည် အဖိုးကိုမပေးဘဲ အသက်ရေကိုယူပါစေ" (ဗျာ၊ ၂၂း၁၇)။

## ၄။ ရိတ်သိမ်းသောအချိန်နှစ်ချိန်

ကောင်းကင်တမန်သုံးပါးတို့၏သတင်းစကားအဆုံးတွင် ခရစ်တော်သည် လောကမြေကြီးသို့ကြွလာ၍ ကယ်တင်ခြင်းခံရမည့်သူကိုရိတ်သိမ်းမည် (ဗျာ၊ ၁၄း၁၄–၁၆)။ ရိတ်သိမ်းအပြီးတွင် ခရစ်တော်သည် ကယ်တင်ခြင်းခံရသောသူများကို ကောင်းကင်ရွှေပြည်သို့ပို့ဆောင်မည် (ယောဟန် ၁၄း၁–၃)။ ခရစ်တော်သည် အပြစ်နှင့်ဖျားနာခြင်း၊ စိတ်မသာညည်းတွားခြင်း၊ သေခြင်းတို့ကိုအဆုံးစီရင်တော့မည်။ သန့်ရှင်းသူတို့သည် ထာဝရဘုရားသခင်နှင့်ကောင်းကင်နိုင်ငံတွင်ရာသက်ပန်နေသွားမည်ဖြစ်သည် (ဗျာ၊ ၂၁း၁–၄)။

ခရစ်တော်သည်လည်း အပြစ်သားများတို့ကိုသူကြွလာသောအခါ၌ ရိတ်သိမ်းမည်ဖြစ်သည်။ "ကောင်းကင်တမန်တစ်ပါးသည် ကောင်းကင်၌ရှိသောဗိမာန်တော်ထဲကထွက်၍ သူ၌လည်းထက်သောတံစဉ်ပါ၏။ မီးကိုအစိုးရသောကောင်းကင်တမန်တစ်ပါးသည် ယဇ်ပလ္လင်ထဲကထွက်၍ ထက်သောတံစဉ်ပါသောသူကို ကြီးစွာသောကြွေးကြော်ခြင်းနှင့်ခေါ်လျက်

သင်၏ထက်သောတံစဉ်ကိုလွှတ်၍ မြေကြီး၏စပျစ်သီးပြွတ်တို့ကိုရိတ်လော့၊ အသီးမှည့်ပြီဟုပြောဆို၏။ ကောင်းကင်တမန်သည်လည်း မိမိတံစဉ်ကိုမြေကြီး၌သွင်း၍ မြေကြီး၏စပျစ်သီးကိုရိတ်ပြီးမှ ဘုရားသခင်၏အမျက်တော်တည်းဟူသော နယ်ရာတန်ဆာကြီးထဲသို့ချလေ၏။ မြို့ပြင်၌နယ်ရာတန်ဆာကိုဖိနင်း၍ အသွေးသည်တစ်ဆယ့်ခြောက်ယူဇနာခရီးတစ်လျှောက်လုံး၌ မြင်းဇက်ကြီးကိုမီသည်တိုင်အောင် နယ်ရာတန်ဆာထဲကထွက်လေ၏" (ဗျာ၊ ၁၄း၁၇–၂၀)။ ဤအချိန်သည် ဝမ်းနည်းကြေကွဲဖွယ်ရာကောင်းသောဖျက်ဆီးခြင်းအချိန်အခါဖြစ်သည်။ ခရစ်တော်အတွက်အထူးဝမ်းနည်းဖွယ်ရာဖြစ်ရခြင်းမှာ အပြစ်သားများတို့သည် ခရစ်တော်၏ကယ်တင်ခြင်းကိုငြင်းပယ်သောကြောင့်ဖြစ်သည်။ ခရစ်တော်သည်သည်းခံခြင်းရှိ၍ အဘယ်သူမျှပျက်စီးခြင်းသို့ရောက်ရန်မလိုလားပါ။ လူအားလုံးတို့သည် နောင်တတရားဖြင့်ပြန်လာဖို့ကိုသာ ၂ပေ၊ ၃း၉ တွင်ဖော်ပြထားသည်။

ခရစ်တော်သည် လောကမြေကြီးသို့ဆင်းသက်ကြွလာ၍ ရိတ်သိမ်းသောအခါ မည်သည့်ရိတ်သိမ်းခြင်းမျိုးတွင် သင်ပါဝင်မည်နည်း။ သင်သည်မှည့်သောစပါးကိုရိတ်သိမ်းသောလူအစုအဝေးတွင် ထာဝရကယ်တင်ခြင်းနှင့်ပါဝင်မည်လော (ဗျာ၊ ၁၄း၁၃–၁၆)။ သို့တည်းမဟုတ် စပျစ်သီးနယ်ရာပျောက်ဆုံးသောလူစုတွင်ပါဝင်မည်လော (ဗျာ၊ ၁၄း၁၇–၂၀)။

အဖြေဖော်ပြရာမှာရှင်းလင်းပြတ်သားပါသည်။ တစ်ဖက်၌ခရစ်တော်သည် သင့်အားဖိတ်ခေါ်လျက်ရှိပါသည်။ ဖြောင့်မတ်သောသူတို့သည် ဘုရားသခင်ကိုလည်းကောင်း၊ သူ၏ပညတ်ကိုလည်းကောင်း ယေရှု၏ယုံကြည်ခြင်းကိုလည်းကောင်း နားထောင်သောသူများဖြစ်သည် (ဗျာ၊ ၁၄း၁၂)။ တစ်ဖက်၌ကား လူ၏ခေါ်သံများဖြစ်၍ ခရစ်ယာန်ကျမ်းစာတစ်ခုလုံးကို နားထောင်ရန်မလိုကြောင်းနှင့် ဘုရားသခင်၏ပညတ်တော်တို့သည် စောင့်ရှောက်ရန်မလိုကြောင်းနှင့် အရေးမကြီးကြောင်းကို ကြားရလိမ့်မည်။ ပိလတ်မင်း၏တရားစီရင်ရာရုံးခန်းတွင် အလားတူစီရင်သတ်မှတ်ချက်များကိုကြားဖူးပါလိမ့်မည်။ တစ်ဖက်၌ ခရစ်တော်ရှိ၏။ တစ်ဖက်၌ကား ဗာရဗ္ဗရှိ၏။ ဤလူနှစ်ဦးတို့သည် လူထု၏ဆုံးဖြတ်ချက်ကို ဝမ်းနည်းစွာဖြင့်ခံယူရမည်ဖြစ်သည်။ ပိလပ်မင်း၏ထွက်ပေါ်လာသောအသံကား၊ ဤလူနှစ်ဦးတွင် မည်သူကိုလွှတ်ရမည်နည်း။ လူထု၏ထွက်ပေါ်လာသောအသံကြီးကား ဗာရဗ္ဗကိုလွှတ်ပါ။ ပိလပ်မင်း၏နောက်ဆုံးမေးခွန်းမှာ ငါသည် ခရစ်တော်ဟုခေါ်သောယေရှုကို မည်ကဲ့သို့ပြုရမည်နည်း။ အသံတညီတညွတ်တည်းဖြင့် အော်သံကြီးမှာ ခရစ်တော်ကိုကားစင်တင်ပါ။ ခရစ်တော်အပြစ်မရှိသောပုဂ္ဂိုလ်သည် ကားစင်တင်ခြင်းခံရ၍ ဗာရဗ္ဗအပြစ်ရှိသူငရဲသားသည်လွှတ်မြောက်သွားသည်။ (မဿဲ ၂၇း၂၀–၂၆ ကိုဖတ်ပါ)။ သင်သည် ယနေ့အဘယ်သူကိုရွေးမည်နည်း။ ဗာရဗ္ဗ (သို့မဟုတ်) ခရစ်တော်၊ မည်သူ့ကိုရွေးမည်နည်း။ သင်သည် ယနေ့လူပြုလုပ်သောအတွေးအခေါ်သဘောတရားနှင့်သွန်သင်ခြင်းများသည် ဘုရားသခင်၏ပညတ်တော်နှင့်ယေရှု၏ထာဝရဧဝံဂေလိတရားများကိုဆန့်ကျင်လျက်နှင့် မည်သည့်အရာကိုရွေးမည်နည်း၊ (သို့တည်းမဟုတ်) ဘုရားသခင်၏ပညတ်တော်ကိုနားထောင်၍ ခရစ်တော်၏ယုံကြည်ခြင်း၌တည်ရှိမည်လား။ ခရစ်တော်သည် သူ၏ကတိတော်အတိုင်း သန့်ရှင်းသောဝိညာဉ်တော်ကိုပေးမည်ဟုရှိလျက်နှင့် အခက်အခဲပြဿနာများကိုဖြေရှင်းပေးရုံမကဘဲ သင်၏လိုအင်ဆန္ဒများအားလုံးကိုဖြည့်စွက်ပေးနိုင်သောသန့်ရှင်းသောဝိညာဉ်တော်ကိုလက်ခံမည်လား။

–၀–

## ရှာဖွေတွေ့ရှိခြင်း (၂၆) အဖြေလွှာ
## ယနေ့ကျွန်ုပ်တို့အတွက် ဘုရားသခင်၏အထူးသတင်းစကားများရှိပါသလား

မှန်သောစာကြောင်းရှေ့တွင် ကြက်ခြေခတ် **(x)** ပေးပါ။

၁။ ကမ္ဘာကြီးပေါ်တွင် မှန်သောယုံကြည်ချက်ဘယ်နှစ်ပါးရှိပါသနည်း။

------ တစ်ပါး။

------ သုံးပါး။

၂၊၃။ ဘုရားသခင်သည် ကျွန်ုပ်တို့နေ့ရက်အချိန်အခါအတွက် အထူးသတင်းရှိသည်။ ခရစ်ယာန်ကျမ်းချက်တွင် တွေ့ရသည်။

------ ဗျာ၊ ၁၄း၆–၁၆။

------ ခရစ်ယာန်ကျမ်းစာတွင်ပျောက်နေသောစာအုပ်တွင်။

သတင်းစကားအရ၊ နောက်ဆုံးသောနေ့ရက်၌ရှိသောဘုရားသခင်၏အသင်းတော်သည်၊

------ ဗျာ၊ ၁၄ ရှိဧဝံဂေလိသတင်းစကားကိုတစ်ကမ္ဘာလုံးကြေညာမည်။

------ ဘုရားသခင်သည် ဖေါက်ပြန်သောအသင်းတော်၏မှားယွင်းသောသွန်သင်ခြင်းများကိုတားဆီးရန် မှာကြားသည်။

------ ခရစ်တော်ကိုယ်တိုင်ဟောကြားခဲ့သောဧဝံဂေလိတရားကိုဟောရန်မှာကြားသည်။

------ ဘုရားသခင်၏ပညတ်တော်ကိုယုံကြည်ခြင်းဖြင့် ဧဝံဂေလိတရားကိုဟောသောသူတို့အား ကမ္ဘာအနှံ့ဟောကြားရန်တာဝန်ပေးသည်။

၄။ ------ ခရစ်တော်လောကရိတ်သိမ်းခြင်းကိုပြုလုပ်ရန် အထူးစောင့်မျှော်လျက်ရှိပါသလား။

### ဆုံးဖြတ်ချက်ချရန်မေးခွန်း

သင်သည် နောက်ဆုံးသောနေ့ရက်တွင် ဘုရားသခင်၏လူဖြစ်လိုသောဆန္ဒရှိပါသလား။

--------------------------------------------------------------------------------------------------------------------------------------------------------။

သင်သည် ခပ်သိမ်းသောသွန်သင်ချက်အတိုင်း ခရစ်တော်သတ်မှတ်ထားသည့်တရားကိုနားထောင်၍ သူ၏ပညတ်များတို့ကိုလည်း ပညတ်လေးပါးတစ်ပါးအပါအဝင် ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှါ ထိုနေ့ရက်ကိုစောင့်လော့ဟူသောတရားကိုလိုက်လျှောက်ရန် ဆန္ဒရှိပါသလား။

--------------------------------------------------------------------------------------------------------------------------------------------------------။

ထင်ရှားသေသပ်စွာရေးပါ

အမည်-----------------------------

လမ်းနှင့်အိမ်အမှတ်----------------------

မြို့--------------------------------

နယ်--------------------------------

ကိုးကွယ်သည့်ဘာသာ--------------------